ဇွန် (၃)

## ဘုရားသခင်သည် အကြောင်းအရာပေါင်းများစွာကို ကျွန်ုပ်တို့အပြင် ကျွန်ုပ်တို့နှင့် ပတ်သက်ဆက်စပ်နေသောအရာ ကျွန်ုပ်တို့၏ ဆုတောင်းများတို့အပေါ် မူတည်နေစေသည်။

**ဘုရား**သခင်သည် မိမိတို့၏ဆုတောင်းများအပေါ် မည်မျှအမှီသဟဲပြုနေခြင်းပေါ် သင်သည် အံ့အားသွားရလိမ့်မည်။ မိမိတို့ မပြည့်မစုံချို့တဲ့သည့် အခြေအနေထဲသို့ ကျရောက်နေသောအခါ သူသည်မိမိတို့ ဂရုတစိုက်ရှိခြင်းကို ပြသစေလိုပြီး ထိုအခြင်းအရာအတွက် အတိအကျဆုတောင်းမှု ပြုစေလိုသည်။ မိမိတို့အမှန်တကယ် ယုံကြည်ပါက ဆုတောင်းတိုင်းကို ကြားနာပြီးအဖြေပေးသည်။ သို့သော် မိမိတို့ဆုမတောင်းလျှင် ယင်းကိုဆောင်ရွက်ခြင်းမရှိ။ ဘုရားသခင်သည် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်သော်လည်း ဆုတောင်းခြင်းနှင့်ဆိုင်သော တာဝန်ကိုတော့ မိမိတို့အပေါ်တွင်ထားသည်။

မိမိတို့ဆုတောင်းခြင်း အရှိန်အဟုန်ပြင်းထန်မှုနှင့် ထိုအရာကိုမည်မျှ လိုအင်ဆန္ဒရှိသည် သို့မဟုတ် အမှန်တကယ် ဆိုလိုခြင်းဖြစ်သည်ဆိုခြင်းက အဖြေတွင်ပြန်လည်ထင်ဟပ်သည်။ မိမိတို့ဆုတောင်းလိုက်သည့် အရာများထပ်ပို၍ လက်ခံရရှိကြလိမ့်မည် မဟုတ်။ မိမိတို့ ဆုတောင်းပေးနေသည့်သူများ သို့မဟုတ် အခြေအနေများကို စိတ်အာရုံတွင် မြင်ယောင်စေလျက် မိမိတို့နှလုံးသားထဲ ထိုအတွေးဖြင့် ၎င်းတို့အတွက် ဆုတောင်းပေးရင်း မိမိတို့သူ့အား မည်သို့ပြုလုပ်စေလိုကြောင်း တိတိကျကျတောင်းခံပါ။

ဆုတောင်းများသည် ၎င်းတို့သန္ဓေတည် စတင်ပေါ်လာသည့် အရှိန်အဟုန်ပြင်းထန်မှုနှင့် အချိုးကျစွာအဖြေကို ရရှိကြသည်ဖြစ်ရာ ကြည့်မှန်ပေါ်သို့ အလင်းရောင်ခြည်တန်း ကျရောက်သည်နှင့်တူပြီး ၎င်းအစပြုခဲ့သောစွမ်းအားနှင့်ပင် ပြန်၍ကန်ထွက်လာမည်ပင်ဖြစ်သည်။ မိမိတို့နှလုံးသားအပြည့်နှင့် မဟုတ်ဘဲ စိတ်မပါ့တပါနှင့် ဆုတောင်းခဲ့လျှင်အဖြေ တဝက်တပျက်ပင် ရကြမည်ဖြစ်ပြီး စိတ်နှလုံးအပြည့်အဝ လှိုက်လှဲစွာ တောင်းခံခဲ့လျှင် စိတ်ပါလက်ပါနှင့် ခွန်အားပြည့်ဝသောအဖြေကို ရကြမည်ပင်ဖြစ်သည်။

သင်သည် မိမိ၏ ဆုတောင်းခြင်းစွမ်းအားကို အလေ့အကျင့်ပြုလျက်ရှိနေပါသလား? ဆုတောင်းခြင်းအားဖြင့် မည်သည့်ကောင်းမှုကို မိမိတို့ပြုလုပ်ခဲ့သည်။ သို့မဟုတ် ပြုလုပ်နိုင်ခဲ့သည်ကို ကောင်းကင်ဘုံက ထုတ်ဖော်ပြသပေလိမ့်မည်။